**တစ္ဆေအပ် (ခ) နေကြာကလေး (ခ) မုဆိုးမလုံ**

Scientific name - *Bidens pilosa* L.

Common name - Blackjack

Family - Asteraceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံ သို့မဟုတ် နှစ်ရှည်ခံပင်ပျော့မျိုးဖြစ်သည်။ ပင်စည်သည် ၃၀ - ၁၈၀ စင်တီမီတာ ရှည်ပြီး ထောင်မတ်လျက်ပေါက်သည်။ ပင်စည်မှာ လေးထောင့်ပုံရှိပြီး အခေါင်းပေါက်ဖြစ်သည်။ ချောမွတ်သည် သို့မဟုတ် အမွေးအနည်းငယ်ပါရှိတတ်သည်။ အများအားဖြင့် ပင်စည်မှာ အစိမ်းရောင်ရှိပြီး ရံဖန်ရံခါ နီညိုရောင်ရှိတတ်သည်။ စူးရှသော အနံ့ရှိသည်။ အရွက်မှာ ရွက်ဆိုင်ထွက်ပြီး ဘဲဥပုံရွက်မြွာ ၃ခု သို့မဟုတ် ၇ခု ပါရှိသည်။ ပန်းပွင့်တွင် ပွင့်ညှာမဲ့အဝါရောင်ပြွန်ပုံပန်းပွင့်နှင့် လျှာပုံအဖြူရောင် သို့မဟုတ် ပန်းရောင်ပန်းပွင့်များပါရှိသည်။ အပြင်တစ်စေ့သီးများမှာပြားပြီး နီညိုရောင်ရှိ၍ သေးသွယ်ရာမှ ကျဉ်းသောသပ်ပုံသဏ္ဍာန်ရှိသည်။ အတွင်းတစ်စေ့သီးများမှာ အနက်ရင့်ရောင်ရှိ၍ ညီညာသော ထောင့်လေးထောင့်ပါရှိပြီး သေးသွယ်သော လွန်းပုံရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။